ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၅၊ အမှတ် ၈ | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်

## COVID-19 ကာလအတွင်း (TAD) ကိုင်ဆောင်၍ ဝင်ထွက်သွားလာသည့် မော်တော်ယာဉ်များနှင့် ပတ်သက်၍ ကြုံတွေ့နေရသည့်အခက်အခဲများ ကျော်လွှားနိုင်ရေးညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း



COVID-19 ကာလအတွင်း (TAD) ကိုင်ဆောင်၍ ဝင်ထွက်သွားလာသည့် မော်တော်ယာဉ်များနှင့် ပတ်သက်၍ ကြုံတွေ့နေရသည့်အခက်အခဲများ ကျော်လွှားနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကို (၁၇.၇.၂၀၂၀) ရက်နေ့ (၁၃:၀၀)နာရီ မှ (၁၆:၂၀)နာရီ အထိ အကောက်ခွန်သင်တန်းကျောင်းခန်းမ ရန်ကုန်မြို့တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးကို ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) မှ ဦးဆောင်၍ ညွှန်ကြားရေးမှူး (နယ်) ၊ ဦးစီးအရာရှိ (နယ်) ၊ အခြားဌာနဆိုင်ရာကိုယ်စားလှယ် နှင့် ကုမ္ပဏီကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာနမှ အဆိုပြုတင်ပြသည့် နည်းလမ်း (၃) ခုနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နှင့် သက်ဆိုင်ရာ ကုမ္ပဏီများ၏ တာဝန်ရှိသူများမှ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

# 18th ASEAN TRADE FACILITATION JOINT CONSULTATIVE COMMITTEE အစည်းအဝေးပွဲကျင်းပခြင်း



၂၀၂၀ ပြည့်နှစ် ဇူလိုင်လ (၂၀) နှင့် (၂၁) ရက်နေ့များတွင် (၁၈) ကြိမ်မြောက် အာဆီယံကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဖက်စပ်အတိုင်ပင်ခံကော်မတီ **18th ASEAN TRADE FACILITATION JOINT CONSULTATIVE COMMITTEE** အစည်းအဝေးအား အဖွဲ့ဝင်နိုင်ငံများအကြား Video Conferencing စနစ်ဖြင့် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)တွင် အစည်းအဝေးပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ညွှန်ကြားရေးမှူး (မူဝါဒ) ၊ ညွှန်ကြားရေးမှူး (နိုင်ငံတကာ) ၊ ဒုတိယ ညွှန်ကြားရေးမှူး (နိုင်ငံတကာ) နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင်၂၀၂၀-၂၀၂၁အာဆီယံကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ငန်းဆောင်ရွက်ချက် အစီအစဉ်များ၊ Non-Tariff Measures (NTM) ဆိုင်ရာ ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လမ်းညွှန်ချက်များ ၊ အာဆီယံကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး အညွှန်းကိန်းများနှင့် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ ၊ ASEAN NTMs Database အဆင့်မြှင့်တင်ခြင်း ၊ အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ NTM ၊ WTO ၊ TFA အကောင်ထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ATF-JCC ဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၄၅.၃၄၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁ ရက်နေ့ မှ ၃၁ ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၀၄) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၇၄၅.၃၄၇) သန်းခန့်ဖြစ်ပါသည်။

## (၁) ဆိပ်ကမ်း တားဆီး/ဖမ်းဆီးမှု



ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၈) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၈၁.၅၂၇) သန်း နှင့် လေဆိပ်(ကုန်လှောင်ရုံ) တားဆီးမှု (၁)မှု ခန့်မှန်းတန်ဖိုးကျပ် သန်း (၀.၆၅) ရှိသည့်အနက် ၂၄-၇-၂၀၂၀ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Myanmar Ri Fang Co.,Ltd မှ တိုင်ကြားချက်အရ Dominick M’Co., Ltd သည် ကုန်ပစ္စည်းအမှတ်အတုတံဆိပ်ဖြင့် Toothpick - 26840 Kg အားတင်သွင်းလာရာ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ပြီး Myanmar Ri Fang Co.,Ltd မှ မူပိုင်ခွင့်ရရှိထားသော Espaceler Brand နှင့်အတူ (FO FO, စိန်နဒီ) စသည့် Brand အမျိုးအစားများပါ စစ်ဆေးတွေ့ရှိခဲ့သဖြင့် ခန့်မှန်းတန်ဖိုး (၁၁.၀၂၁) သန်းအား ယာယီတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၄၅.၃၄၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## (ဂ) နယ်မြေ တားဆီး/ဖမ်းဆီးမှု




နယ်မြေတားဆီးမှု (၉၅) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၅၆၃.၁၇၀) သန်း ရှိသည့် အနက် ၁၆.၇.၂၀၂၀ ရက်နေ့တွင် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသော DONGFENG အမျိုးအစား (၂၂) ဘီး ယာဉ်တစ်စီးပေါ်တွင် Sodium Cyanide အခဲများ (၁ x ၄၇) ကီလို ၊ (၅၀၀) အိတ် နှင့် ပစ္စည်းတင်ဆောင်လာသည့်ယာဉ်တစ်စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၂၁၈.၅) သန်း အားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည် ။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၄၅.၃၄၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ထူးခြားတားဆီး/ဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် (၁၀) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ရေပူချောင်ကွင်းလမ်းအတွင်း၌ ချောင်ကွင်း သယ်ဆောင်ရန်အတွက် မိုးကာစဖြင့် ဖုံးအုပ်၍ စုပုံထားသော ပိတောက်ခွဲသား (၁၇) ချောင်း (၀.၃၂၅၈) တန်၊ တမလန်း (ဂီတာအိုး) (၁၅) ချောင်း (၀.၀၅၆၂) တန်၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁.၁၄၆) သန်း အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၄၅.၃၄၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားတားဆီး/ဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၆-၇-၂၀၂၀ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် ဖုံးအုပ်သယ်ဆောင်လာသည့် ကန့်သတ်တားမြစ်ကုန်ပစ္စည်းဖြစ်သော အေးခဲကြက်သား၊ အေးခဲငါး၃ ၊ အေးခဲဖားသား၊ အေးခဲဝက်သား၊အေးခဲကြက်ကလီစာ စုစုပေါင်း (၈၆၅၀) ကီလိုနှင့် တင်ဆောင်လာသည့် Nissan Truck (6 wheels) ယာဉ်(၂)စီး ၊ စုစုပေါင်း တန်ဖိုး ကျပ် (၃၄.၅၂၅) သန်း တို့အား ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဇူလိုင်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ


| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | ၁ မှု | ၅ မှု | ၆ မှု | ၁၉.၅၃၈ သန်း |
| | စုစုပေါင်း | ၁ မှု | ၅ မှု | ၆ မှု | ၁၉.၅၃၈ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၁-၁၀-၂၀၁၉ ရက်နေ့ မှ ၃၁-၇-၂၀၂၀ ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု(၂၈) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၆၃.၇၁၃) သန်းအားတားဆီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Foliar Fertilizer တင်သွင်းလိုသဖြင့် H.S Code လာရောက်မေးမြန်းရာ 3103.11 အောက်တွင်ဖြစ်ကြောင်း ဖြေကြားခဲ့ပါ သည်။



Natural Gasoline များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ အထူးကုန်စည်ခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Iron & Steel ဖြင့် ပြုလုပ်ထားသော အိမ်ပုံစံငယ် တင်သွင်းလိုပါသဖြင့် မေးမြန်းရာ H.S Code 9406.90.11 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

